# မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်တေ စုံစမ်းစစ်ဆေးမှု ယန္တရား

မြန်မာနိုင်ငံမှာ ကြီးလေးသောနိုင်ငံတကာ ရာဇဝတ်မှုတိ ကျူးလွန်ရေလူတိကို တရားစီရင်နိုင်ဖို့အတွက် လိုအပ်တေ အထောက်အထားတိ စုဆောင်းခြင်း



## မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်တေ စုံစမ်းစစ်ဆေးမှု ယန္တရားဆိုစွာ ဇာအဖွဲ့ အစည်းပါလေး။

မြန်မာနိုင်ငံဆိုင်ရာ လွတ်လပ်တေ စုံစမ်းစစ်ဆေးမှု ယန္တရားဆိုစွာ (IIMM သို့မဟုတ် ယန္တရား) ကို ၂၀၁၈ ခုနှစ် စက်တင်ဘာလမှာ ကုလသမဂ္ဂလူ့အခွင့်အရေးကောင်စီကနီ တည်ထောင်ခရေ ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခု ဖြစ်ပါရေ။ ယန္တရားစွာရေ ကြီးလေးသော နိုင်ငံတကာရာဇဝတ်မှုတိကို သမာသမတ်ကျကျနဲ့ လွတ်လွတ်လပ်လပ် စုံစမ်းစစ်ဆေးပါရေ။ ပြစ်မှုကျူးလွန်ရေလူ သို့မဟုတ် ထိခိုက်နစ်နာရေလူတိရဲ့ ပတ်သက်ဆက်နွယ်မှု သို့မဟုတ် လူမျိုး အပေါ် မခွဲခြားဘဲ၊ ၂၀၁၁ ခုနှစ် နောက်ပိုင်း မြန်မာပြည်အနှံ့ ကျူးလွန်ခရေ စစ်ရာဇဝတ်မှုတိ၊ လူသားမျိုးနွယ်တိအပေါ် ကျူးလွန်ရေ ရာဇဝတ်မှုတိနဲ့ လူမျိုးပြုန်းတီးမှုတိကို စုံစမ်းစစ်ဆေးပါရေ။

မြန်မာနိုင်ငံက အကြီးလေးဆုံး နိုင်ငံတကာရာဇဝတ်မှုကျူးလွန်ရေလူတိစွာ တစ်နိတစ်ရက် တရားမျှတမှု ရင်ဆိုင်ရနိုင်ဖို့အတွက် သေချာအောင် ဆောင်ရွက်စွာမှာ ယန္တရားရဲ့အလုပ်စွာ ကကောင်းအရေးကြီးပါရေ။

## ယန္တရားဇာတိ လုပ်ပါရေလေး။

ယန္တရားစွာ မြန်မာနိုင်ငံမှာ ဖြစ်ပျက်ခရေ အကြီးလေးဆုံးသောနိုင်ငံတကာ ရာဇဝတ်မှုတိ ကျူးလွန်ရေလူတိအပေါ် အမှုတည်ဆောက်ဖို့အတွက် သက်သေအထောက်အထားတိ စုဆောင်းခြင်း၊ ထိန်းသိမ်းခြင်းနဲ့ စိစစ်သုံးသပ်ခြင်းတိ ဆောင်ရွက်ပါရေ။ အနာဂတ်မှာ စစ်ဆေးစီရင်မှုတိ အောင်မြင်ခြင်းစွာရေ သက်သေအထောက်အထားတိ မပျောက်လားခင်၊ မပျက်လားခင် လက်ဟိမှာ စုဆောင်းထိန်းသိမ်းထားနိုင်ခြင်း၊ အချက်အလက်တိ ဟောင်းမလားခင် သက်သေထွက်ဆိုချက်တိကို မှတ်တမ်းတင်ထားနိုင်ခြင်း၊ အစရှိရေ အချက်တိအပေါ် မူတည်ပါရေ။

ယန္တရားစွာရေ ပြည်တွင်း၊ ဒေသတွင်းနဲ့ နိုင်ငံတကာတရားရုံးတိက တရားစွဲဆိုဆောင်ရွက်မှုတိမှာ အသုံးပြုလို့ရရေ အထောက်အထားတိနဲ့ စိစစ်သုံးသပ်ချက်တိကို သက်ဆိုင်ရာအာဏာပိုင်တိနဲ့ မျှဝေပါရေ။ လက်ဟိမှာ နိုင်ငံတကာရာဇဝတ်ခုံရုံး (ICC)၊ နိုင်ငံတကာတရားရုံး (ICJ) နဲ့ အာဂျင်တီးနားတရားရုံးတိမှာ ဆောင်ရွက်နီရေ ရိုဟင်ဂျာတိအပေါ်ကျူးလွန်ရေ ရာဇဝတ်မှုတိနဲ့ ပတ်သက်တေ တရားစွဲဆိုမှုတိအတွက် ယန္တရားက အထောက်အထားတိနဲ့ စိစစ်သုံးသပ်ချက်တိကို မျှဝေနီပါရေ။

ယန္တရားအနေနဲ့ ဖမ်းဆီးခြင်း သို့မဟုတ် တရားစွဲဆိုခြင်း သို့မဟုတ် အမှုစစ်ခြင်းတိ ဆောင်ရွက်ဖို့ အခွင့်အာဏာမရရှိထားပါ။

## ယန္တရားကို အချက်အလက်တိ ဇာပိုင်ပီးပို့လို့ ရရေရေး။

လျှို့ဝှက်ကုဒ်အသွင်ပြောင်းနည်းသုံးထားရေ ဆက်သွယ်ရေးလမ်းကြောင်းတိဖြစ်တေ Signal သို့တည်းမဟုတ် Proton Mail တိကနီ **ယန္တရားကို လုံခြုံစွာ** ဆက်သွယ်နိုင်ပါရေ။

signal.org က **Signal App** ကို ဒေါင်းလုပ်ချပြီးကေ Signal No. +41 76 691 1208 ကို မက်ဆေ့ချ် ပို့လိုက်ပါ။ သို့တည်းမဟုတ် proton.me အခမဲ့ **Proton** မေးလ် အကောင့်တစ်ခု ဖန်တီးပြီးကေ အီးမေးလ် **contact@myanmar-mechanism.org** ကိုလေး ပီးပို့လို့ရပါရေ။

ပီးပို့ရေလူရဲ့ ဘေးကင်းလုံခြုံမှုနဲ့ ကိုယ်ရေးအချက်အလက်တိစိတ်ချလုံခြုံမှုစွာ ယန္တရားအတွက် အဓိကဦးစားပီး ဖြစ်ပါရေ။ ယင်းအတွက်နဲ့ ယန္တရားစွာရေ ပီးပို့လိုက်တေ အချက်အလက်တိ သို့မဟုတ် ကိုယ်ရေးအချက်အလက်တိကို ပီးပို့ရေလူဘားက ခွင့်ပြုချက် မရဘဲနဲ့ အခြားလူတိနဲ့ မျှဝေခြင်းမပြုပါ။

iimm.un.org    @MyanmarMechanism    iimm@un.org